# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 1, 2019 Volume 18, Number 1


၁.၄.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၅၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၀/ကျပ် |
| CBM Rate | = ၁၅၁၄.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၂.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၅၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၀၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၃.၃၈ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၈၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၁၃ကျပ် |

Source: CBM Rate ၊ SFJ Journal(၂၉.၃.၁၉)ဈေးနှုန်း

1.4.19 ရက်ဘဏ်ပိတ်ရက်ဖြစ်ပါသည်။

## (၆)လအတွင်း မူဆယ်နယ်စပ်မှ ပို့ကုန်တန်ဖိုးကန်ဒေါ်လာသန်း(၆၅၀)ကျော်အထိလျော့ကျနေ

ယခုဘဏ္ဍာနှစ်အတွင်း တရားမဝင်သွင်းကုန်များအပေါ် တရုတ် နိုင်ငံမှ ဆက်တိုက်ဖမ်းဆီးမှုများ ပြုလုပ်နေသဖြင့် ပြည်တွင်းပို့ကုန် အပိုင်းတွင် ထိခိုက်မှုများရှိလာပြီး (၆)လ အတွင်း အမေရိကန် ဒေါ်လာ သန်း (၆၅၀) ကျော်အထိ ကာလ တူထက် လျော့ကျ နေကြောင်း ကုန်သွယ်ရေး ဦးစီးဌာနမှ သိရ သည်။



အဓိကက လယ်ယာထွက်ကုန် အပိုင်းပါ။ ဆန်အပါအဝင် တခြား ပြောင်းတို့သီးနှံတွေကို သူတို့က တရားဝင်လမ်းကြောင်း အတိုင်း တင်ပို့ဖို့ ဆောင်ရွက်နေချိန်မှာ တရားမဝင် သွင်းကုန်တွေကို ဖမ်းဆီးတော့ ကုန်သွယ်မှုက ကျနေတာပါ" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်း ဝန် ဦးခင်မောင်လွင်ကဆိုသည်။

ယခင်ဘဏ္ဍာနှစ်(၆)လအတွင်းက မူဆယ်နယ်စပ်မှ ပို့ကုန်စုစုပေါင်း ကန်ဒေါ်လာ သန်း (၂၁၀၀) ကျော်အထိရှိခဲ့သော်လည်း ယခုကာလတူ (၆)လအတွင်း ကန်ဒေါ်လာ သန်း (၁၅၀၀) ခန့်သာ တင်ပို့နိုင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံအတွင်းသို့ နယ်စပ်မှတင်ပို့နေသည့် လယ်ယာထွက်ကုန် များမှာ တရားမဝင်တင်ပို့နေရခြင်းဖြစ်သည့်အတွက် တရုတ်အာဏာပိုင် များက ဖမ်းဆီးမှုများ ဆောင်ရွက်ချိန်တွင် ပြည်တွင်းပို့ကုန်အပိုင်းကို ထိခိုက် လာခြင်း ဖြစ်သည်။

တရုတ်နိုင်ငံအတွင်းသို့ တင်ပို့နေသည့် ပြည်တွင်းပို့ကုန်အပိုင်းတွင် သိသိ သာသာ ကျဆင်းသွားသော်လည်း တရုတ်နိုင်ငံမှ တင်သွင်းနေရသည့် သွင်းကုန်အပိုင်းတွင်ကာခတူထက်ပိုမိုများပြားခဲ့သည်။

Source: Popular News Journal


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## အိန္ဒိယက ပဲတင်သွင်းမည့်ကြေညာချက်ထုတ်ပြီးနောက် ပြည်တွင်းပဲဈေးနှုန်း ပြန်လည်မြင့်တက်



ပဲတင်သွင်းခွင့်ကို နှစ်လကြာ ပိတ်ထားသောအိန္ဒိယ အစိုးရက မတ်လ ၂၉ ရက်တွင် ပြည်ပမှပဲတင်သွင်းရန် ကြေညာချက်ထုတ်ပြန်ပြီးနောက် မြန်မာနိုင်ငံ၌ မတ်ပဲနှင့် ပဲစင်းငုံ ဈေးနှုန်း ပြန်လည် မြင့်တက်လာသည်။ ၂၀၁၉ ဧပြီ ၁ ရက် တွင် စတင်မည့် ဘတ်ဂျက်နှစ်အတွက် ပြည်ပမှ မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် နှစ်သိန်း တင်သွင်းမည်ဟု အိန္ဒိယ အစိုးရက ကြေညာချက်ထုတ်ပြန် ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ တင်သွင်းမည့် ကာလ၊ တင်သွင်းမည့် ပုံစံမသိရသေးသော်လည်း ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်း ပြန်လည်မြင့်တက်လာသည်ဟု ၎င်းကဆိုသည်။

ပြည်တွင်းဈေးကတော့ ပြန်ပြီးမာလာတယ်။ ခွဲတမ်းသတ်မှတ်ချက်က မနှစ်ကလိုပါပဲဟု ဦးမင်းကိုဦးက ပြောသည်။ အိန္ဒိယအစိုးရ၏ ပြည်ပမှ ပဲတင်သွင်းမည့်အစီအစဉ်ကို စောင့်မျှော်နေသော ပြည်တွင်းပဲကုန်သည် များက ၂၀၁၈ နှင့် တန်ချိန်ပမာဏ တန်းတူဖြစ်နေခြင်းကို အားရမှုမရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးက ပြောသည်။ ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံက မတ်ပဲနှင့်ပဲတီစိမ်း တန်တစ်သိန်းခွဲနှင့် ပဲစင်းငုံတန် နှစ်သိန်းပြည်ပမှ တင်သွင်းရန် ခွဲတမ်းချပေးခဲ့သည်။ သို့သော် အိန္ဒိယအစိုးရ၏ ကြေညာချက် ထုတ်ပြန်ပြီးနောက် တစ်ရက်တွင် ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ်ခြောက်သောင်း၊ ပဲစင်းငုံတစ်တန်လျှင် ကျပ်ကိုးသောင်းခန့်ဈေး မြင့်တက်လာကြောင်း ၎င်းကဆိုသည်။

ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ်ခြောက် သိန်းရှစ်သောင်းမှ ကျပ်ခုနစ်သိန်းလေးသောင်း၊ ပဲစင်းငုံတစ်တန်လျှင် ကျပ်ခုနစ်သိန်းလေးသောင်းမှ ကျပ်ရှစ်သိန်းသုံးသောင်းအထိ ဈေးမြင့်တက်လာသည်။ ၂၀၁၇ ကစတင်ပြီး အိန္ဒိယက ပြည်ပမှပဲ တင်သွင်းသည့်ပုံစံပြောင်းလဲပြီး ယခုထုတ်ပြန်သည့် ခွဲတမ်းအတိုင်း ကြေညာခဲ့သည်။ အိန္ဒိယနိုင်ငံစီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်ရေးဌာနက ၂၀၁၈ မေလ ၁၀ ရက်တွင် ပြည်ပမှ ပဲတင်သွင်းမည့်တန်ချိန်ကို ကြေညာပြီး တင်သွင်းမည့်အချိန်ကို သုံးလသတ်မှတ်သည်။ သို့သော် ၂၀၁၈ နှစ်ကုန်ပိုင်းတွင် အိန္ဒိယ၌ မိုးရာသီတွင်စိုက်ပျိုးသောမတ်ပဲ၊ ပဲစင်းငုံအထွက်နည်းခြင်းကြောင့် အိန္ဒိယအစိုးရက အထူးလိုင်စင်များချထားပြီး မြန်မာနိုင်ငံအပါအဝင် ပြည်ပမှ ပဲထပ်မံတင်သွင်းခဲ့ရသည်။ ထိုသို့တင်သွင်းခွင့်ပြုခြင်းကို ၂၀၁၉ ဇန်နဝါရီ ၃၁ ရက်တွင် အိန္ဒိယအကောက်ခွန်ဌာနက ကြေညာချက် ထုတ်ပြန်ပြီး တင်သွင်းမှုကို တားဆီးခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် တန်ချိန်လေးသိန်းကျော် စိုက်ပျိုးထုတ်လုပ်သော မတ်ပဲကို အိန္ဒိယနိုင်ငံသို့ ၇၀ ရာခိုင်နှုန်းခန့် တင်ပို့ပြီး တန်ချိန်သုံးသိန်းကျော် စိုက်ပျိုးသည့် ပဲစင်းငုံ ၉၅ ရာခိုင်နှုန်းလည်း အိန္ဒိယဈေးကွက်သို့ သာ တင်ပို့ရသည်။ ၂၀၁၇ ဩဂုတ်တွင်စတင်သော အိန္ဒိယ၏ ပဲတင်သွင်းခွင့် ကန့်သတ်ချက်က မြန်မာနိုင်ငံ၏ ပဲကုန်သည် လောကသာမက ပဲစိုက်တောင်သူများအတွက်ပါ အခက်အခဲဖြစ်သည်။ အိန္ဒိယဈေးကွက်နှင့် ဂယ်လိုအားပေါ် မူတည်နေသော ပြည်တွင်းပဲဈေးကွက် အခြေအနေသည် လယ်သမားများကို အကျိုးအမြတ် လျော့နည်းစေသည်ဟု ဓနုဖြူ မြို့နယ်နေ လယ်သမားဦးသိန်းအောင်က ပြောသည်။ လွတ်လပ်သည့် တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်သည် ကိုယ်တိုင်မတ်ပဲစိုက်ပျိုးသူဖြစ်ပြီး ယခုနှစ်တွင် လယ်သမားအတွက် အကျိုးအမြတ်က နည်းကြောင်း ဆိုသည်။ စတင်စိုက်ပျိုးချိန်တွင် မိုးမိခြင်းကြောင့် မျိုးဖိုး ဆုံးရှုံးသကဲ့သို့ တစ်ဧကအထွက်နှုန်းလည်း လျော့နည်းသည်ဟု ဦးသိန်းအောင်က ရှင်းပြသည်။ လက်ရှိ မတ်ပဲ တစ်တင်းလျှင် ဒေသပေါက်ဈေး ကျပ်နှစ်သောင်းခွဲမှ ကျပ်နှစ်သောင်းနှစ်ထောင် အကြားရရှိပြီး တစ်ဧက စိုက်စရိတ် အရင်းကျေ ရုံသာရှိသည်ဟု ၎င်းကပြောသည်။

**Source:** http://www.7daydaily.com/story/153462

## အိန္ဒိယ-မြန်မာနယ်စပ် ရိဒ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အိန္ဒိယ-မြန်မာနယ်စပ်တွင် အိန္ဒိယနိုင်ငံဘက်က ယာဥ်ဝင်ထွက်မှုပိတ်ထား၍ ကုန်စည်စီးဆင်းမှုရပ်ဆိုင်းနေ


ရိုခေါ်ရဲဒါမြို့ ကားကုန်တင်ကားဝင်းကို မတ်လအတွင်းက တွေ့ရစဉ်

အိန္ဒိယ - မြန်မာနယ်စပ် ရိဒ်နယ်စပ်တွင် အိန္ဒိယနိုင်ငံဘက်က ယာဥ်ဝင်ထွက်မှုပိတ်ထား၍ ကုန်စည်စီးဆင်းမှု ရပ်ဆိုင်းနေသည်ဟု ရိခေါ်ရဲဒါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က ပြောကြားသည်။

နယ်စပ်က မတ်လ ၂၇ စပြီးတော့ ကားအဝင်အထွက် မရတော့ဘူး ပိတ်ထားတယ်။ လူစီးကားတွေရော ပိတ်ထားတယ်။ ကုန်တွေကတော့ တွန်းလှည်းဆိုင်ကယ်ကိုသွားမရဘူး။ ကုန်တွေပါ ပိတ်ထားတဲ့သဘော။ ဆိုင်ကယ်တို့ လူတို့လောက်ပဲသွားရတယ်။ ဘယ်နေ့ ဘယ်အချိန်အထိပိတ်မယ် ဆိုတာတော့ မသိရဘူး။ ရိဒ်ရေကန်ကို လာတဲ့သူတွေတော့ရှိပါတယ်။ လူတော့ သွားလာလို့ရပါတယ်" ဟု ရိခေါ်ရဲဒါ မြို့နယ်အုပ်ချုပ်ရေမှူး ဦးကျင်လမ်းခိုင်က ပြောကြားသည်။

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းမြို့ရှိ အရပ်ဘက် အဖွဲ့အစည်းနှင့် ဇိုခွားသာကျေးရွာရှိ အရပ်ဖက်အဖွဲ့အစည်းအကြား အငြင်းပွားမှု ဖြစ်ပွားခဲ့ပြီး ဇိုခွားသာကျေးရွာဖက်က မြန်မာနိုင်ငံဘက်မှ တင်ပို့သည့် ကုန်စည်များကို အိန္ဒိယနိုင်ငံဘက်သို့လည်းကောင်း၊ အိန္ဒိယနိုင်ငံဘက်မှ ကုန်စည်များကို မြန်မာနိုင်ငံဘက်သို့လည်းကောင်း ဇိုးခွားသာကျေးရွာမှ မဝင်ရောက်ရောက်ရန် ပိတ်ပင်ထား၍ ကုန်စည်စီးဆင်းမှုရပ်ဆိုင်းနေသည်ဟု သိရသည်။

နယ်စပ်ပိတ်ထားတာ အိန္ဒိယဘက်က ပိတ်တာ လေးငါးရက်လောက်တော့ရှိပြီ။ ကွမ်းသီးတွေ သွားတာကတော့ ရပ်သွားတာပေါ့။ အနည်းအကျဉ်းတော့သွားတာပေါ့။ သွားတော့ သွားတယ်ဆိုတာက ဂိုဒေါင်တွေ ဘာတွေ အဆင်သင့်ရှိတဲ့သူတွေက ဂျူတီဆောင်ပြီးတော့ နယ်စပ်ဂိုဒေါင်မှာ ချထားတာပေါ့။ အရင်ကထက် ပို့တာ နည်းသွားတာပေါ့။ အရင်က တစ်ရက်ကို အိတ် ၃၀၀၀ ၊ ၄၀၀၀ လောက်သွားတာ အခုတော့ ၁၀၀၀ အိတ်လောက် သွားတော့တာပေါ့။ ဟိုဖက်ကလည်း အစိုးရကပိတ်တာမဟုတ်ပါဘူး ။ ကားနှစ်စီးပြဿနာဖြစ်တာပေါ့။ ကျန်ဖိုင်းကားအဖွဲ့နဲ့ ဇိုးခွားသာရွာ ကားအဖွဲ့တို့ ကုန်လုတာပေါ့ဗျာ။ အရပ်စကားတော့။ သူအရင်ရောက်တယ် ငါအရင်ရောက်တယ်။ သူ့အုပ်စု ကိုယ့်အုပ်စုနဲ့ဖြစ်တာပေါ့။ ဘယ်သူက မှားတယ်မှန်တယ်ဆိုတာတော့ ဘယ်သိပ့ါမလဲ။ ချောင်းကိုတော့ ဖြတ်လို့ရတယ်။ အတွင်းထဲကို သယ်လို့မရတော့ဘူးဆိုတော့ မပို့တော့ဘူးပေါ့။ မြေဆီလည်းမလာဘူး။ အခု လောလောဆယ်က ခရီးသည်တင်ကားကလွဲလို့ စားကုန်သောက်ကုန်ကားတောင် သွားမရတော့ဘူးဟု ကွမ်းသီး တင်ပို့နေသည့် ကုန်သည်တစ်ဦးကဆိုသည်။

**Source:** http://www.7daydaily.com/story/153426

## ယခုနှစ်တွင် ပြည်ပဈေးကွက်သို့ ချင်း(ဂျင်း) တင်ပို့မှု မြင့်တက်လာ

ယခုနှစ်တွင် စားဖိုဆောင်သီးနှံများထဲမှ ချင်း(ဂျင်း) သီးနှံအား ပြည်ပသို့ ငပို့မှုမြင့်တက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး န်ကြီးဌာနမှ တင်းရရှိသည်။ စာဖိုဆောင်သီးနှံအုက်စုဝင် ကြက်သွန်နီနှင့် ဖြူကို တရုတ်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး ယင်းသီးနှံများထဲမှ ကြက်သွန်နီကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တရုတ်နိုင်ငံသို့လည်းကောင်း၊ ထိုင်းနိုင်ငံသို့ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှလည်းကောင်း၊ ကြက်သွန်ဖြူကို တမူး နယ်စပ်လမ်းကြောင်းမှ အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ချင်း(ဂျင်း) ကို ပင်လယ်ရေကြောင်းမှ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်းဒိုနီးရှားနှင့် ကိုရီးယားနိုင်ငံများသို့လည်းကောင်း၊ နနွင်းကို ပင်လယ်ရေကြောင်းမှ အိန္ဒိယနှင့်ရီမင်နိုင်ငံများသို့ လည်းကောင်း အသီးသီးတင်ပို့နေကြောင်းသိရသည်။

ချင်း(ဂျင်း) ဈေးကွက် အလှူပ်ဆုံးပဲ။ တန်ချိန်နဲ့ဆိုရင်လည်း တစ်ပတ်ကို ၉၈၀ လောက် အထိ ပို့လာနိုင်တယ်။ အပတ်စဉ် နှိုင်းယှဉ်မယ်ဆိုရင် တန် ၃၀၀ ကျော်လောက် ပိုပြီးပို့လာနိုင်တာတွေ့ရတယ်လို့ အောင်ပန်းစားဖိုဆောင် သီးနှံများ ရောင်းဝယ်ရေးလုပ်ငန်းမှ မန်နေဂျာ ကိုစိုင်းရဲလွင်ကပြောသည်။ လက်ရှိ ချင်း(ဂျင်း) သီးနှံမှာ ရှမ်းပြည် တောင်ပိုင်းထွက် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသအလိုက် အရည် အသွေး အနည်းငယ် ကွာခြားပြီး ကလောဒေသမှ ထွက်ရှိသော ချင်း (ဂျင်း)သည် ကျစ်၍ အသားမာပြီး အနံ့ပို ပြင်းကာ မြေပြန့်ဒေသမှ ထွက်ရှိသော ချင်း(ဂျင်း) သည် ကြီးမား၍ အသားပွကာ အနံ့မပြင်းသည့်အတွက် စားသုံးသူများ ပို၍ကြိုက်နှစ်သက်ကြကြောင်း ၎င်းကဆိုသည်။

လက်ရှိတွင် ချင်းစို၊ ချင်းခြောက် ပို့ကုန်လိုင်စင် လျှောက်ထားရာတွင် သီးခြားထောက်ခံချက် တင်ပြရန် မလိုအပ်တော့ပဲ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိနေခြင်းကြောင့် ပြည်ပဝယ်လက် ဈေးကွက်များလည်း ပုံမှန်ရှိနေပြီး ဈေးကောင်းရရှိနေသည့် ပို့ကုန်အမယ်ဖြစ်လာကြောင်း ကုန်သည်များကဆိုသည်။ ပြည်ပကိုတင်ပို့တဲ့သူတွေကတော့ ပြည်တွင်းကြက်သွန်ဈေး ထပ်ပိုရနိုင်တယ်။ ပြည်တွင်းကျ ဈေးကျနေတော့ သုံးစွဲသူတွေ ဈေးပေါပေါနဲ့ စားရတာပေါ့။ ဒီနှစ်ကတော့ စားသုံးသူတွေအကြိုက်လို့ ပြောရမယ်လို့ မန္တလေးမြို့မှ ရွှေမန်းလှ ကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်ကပြောသည်။ လက်ရှိမန္တလေးကုန်စည်ဒိုင် ကြက်သွန်ဈေးကွက်၌ မြစ်သား၊ ကျောက်ဆည် စသည့်ဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ထိပ်စ ၅၀၀ ကျပ်၊ အောက်စ (ပွဲရုံဈေး) ၄၀၀ ကျပ်ခန့် ဈေးနှုန်းများဖြင့် အရောင်း အဝယ်ရှိနေကြောင်းသိရသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6942

## ယခုနှစ်တွင် မြန်မာ့မန်ကျည်းဖတ်ကို ပြည်ပနိုင်ငံများမှ တိုးမြှင့်ဝယ်ယူလာ

ယခုနှစ်တွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မြန်မာ့မန်ကျည်းဖတ်များကို ပြည်ပနိုင်ငံများမှတိုးမြှင့်ဝယ်ယူနေခြင်းကြောင့် တင်ပို့မှု မြင့်တက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ လက်ရှိတွင် ပင်လယ်ရေကြောင်းမှ စင်္ကာပူနိုင်ငံသို့ အပတ်စဉ် တန်ချိန် ၅၀ ခန့်၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၆၀ ခန့်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၅၀ ခန့်၊ မလေးရှားနိုင်ငံသို့ တန် ချိန် ၅၀၀ ခန့်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၆၀၀ ခန့်၊ စင်္ကာပူနိုင်ငံသို့ တန်ချိန် ၅၀ ခန့်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၃၀၀ ခန့်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၇၀၀ ခန့်၊ ရီမင်နိုင်ငံသို့ တန်ချိန် ၅၀ ခန့် အသီးသီးတင်ပို့လျက်ရှိသည်။

ဘုရင့်နောင်ရှိ မန်ကျည်းကုန်သည် ဦးအောင်ဇော်လတ်က " ဝယ်လိုအား မြင့်တက်လာတာကြောင့် တစ်ပတ်ကို မန်ကျည်း တန်ချိန် ၇၀၀ ကနေ ၈၀၀ ကြားလောက်အထိ ပိုတင်ပို့လာတာတွေ့ရတယ်။ နိုင်ငံအလိုက်ဈေးကွက်ပေါက်ဈေး ကွာတယ်။ အခုချိန်က နယ်ဘက်တွေမှာ မန်ကျည်းသီးပေါ်ချိန်ဖြစ်လို့ ဝယ်လှောင်လည်းကောင်းတယ် " ဟု ပြောသည်။ လက်ရှိ ပြည်တွင်းဈေးကွက်အတွင်း အဝယ်ဒိုင်များမှ အဟောင်းအစေ့ထုတ်ပြီး တစ်ပိဿာလျှင် ကျပ် ၁,၃၀၀ မှ ၁,၅၀၀ ကြား၊ အသစ်တစ်ပိဿာလျှင် ကျပ် ၁,၀၀၀ မှ ၁,၃၀၀ ကြား၊ အစေ့ထုတ်ပြီး တစ်ပိဿာလျှင် ကျပ် ၂,၀၀၀ မှ ၂,၅၀၀ ကြားရှိနေပြီး ဒိုင်သွင်းဈေးအလိုက် ပွဲရုံပိုင်ရှင်များမှ လာရောက်ရောင်းချသူကို သယ်ယူပို့ဆောင်ရေး စရိတ် များအား ပြန်လည်စိုက်ထုတ်ပေးလေ့ရှိကြောင်း သိရသည်။

မန်းကျည်းသီးအဖတ်က ကျောက်ပန်းတောင်၊ တောင်သူ၊ မိတ္ထီလာနဲ့ မြင်းခြံထွက် မန်းကျည်ဆိုရင် ရေအစို ခာတ်နည်းလို့ ဈေးကောင်းပိုရတယ်။ ကျောက်ပန်းတောင်က ပွဲရုံတန်းတွေကနေတစ်ဆင့် ရန်ကုန်၊ မန္တလေးဘက် ပို့ပြီးတော့ ပြည်ပကုန်သည်တွေကနေတစ်ဆင့် ထပ်မံသန့်ရှင်းပြီးတော့ တင်ပို့ကြတာဖြစ်တယ်။ ပါကစ္စတန်နဲ့ ဗီယက်နမ်က အဝယ်များလာတယ်လို့ ကျောက်ပန်းတောင်းမြို့ရှိ မန်ကျည်းကုန်သည် ဦးထွန်းဟန်ကပြောသည်။

ပြည်ပနိုင်ငံအချို့တွင် မန်ကျည်းကို အစာသွပ်လုပ်ငန်းများ၊ အလှကုန်ပစ္စည်းများ၊ ကျန်းမာရေး ဓာတ်စာများတွင် ထည့်သွင်းအသုံးပြုကြပြီး ပြည်တွင်းဈေးကွက်တွင် အစာသွတ်အစားအစာများ၊ မုန့်များ၊ မန်ကျည်တော်ဖီနှင့် တိုင်းရင်းဆေး အမျိုးမျိုးတွင် ထည့်သွင်းအသုံးပြုကြကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် မန်ကျည်းပင်များမှာ အလေ့ကျ ပေါက်ရောက်လေ့ရှိသလို စီးပွားဖြစ် စိုက်ပျိုးသူများလည်း ရှိကြပြီး ပြည်တွင်းသုံးစွဲမှုမှာလည်း မြင့်မားကြောင်းသိရသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6945

## မြန်မာ့လျှော်ဖြူ ၂၅ တန် ဝယ်ယူရန် အလွတ်သဘော စာချုပ်ကို ဂျပန်နိုင်ငံ လုပ်ငန်းရှင်များနှင့် လက်မှတ်ရေးထိုး

မြန်မာ့လျှော်ဖြူ ၂၅ တန် ဝယ်ယူနိုင်ရန်အတွက် အလွတ်သဘော အနေဖြင့် ဂျပန်နိုင်ငံ Enishi ကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ မြန်မာ့ရွှေဖြူခြုံလုပ်ငန်းတို့အကြား လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ့လျှော်ဖြူစေးကို ပြည်ပကိုကုန်ကြမ်းအတိုင်းပို့မယ့်အစား တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ငှက်သိုက်ဖျော်ရည်၊ အလှကုန်ပစ္စည်းတွေနဲ့ ဆေးဝါးတွေမှာ ထည့်သွင်းပြီးတော့ တင်ပို့ရောင်းချနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ဖို့လိုတယ်။

ပြည်ပဈေးကွက် ချိတ်ဆက်နိုင်အောင်လည်း ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲတွေ လုပ်ပြီးတော့ပို့ချပေးပါတယ်လို့ ပြောသည်။ Enishi ကုမ္ပဏီသည် ဂျပန်၊ ကိုရီးယားနှင့် ထိုင်ဝမ်နိုင်ငံများသို့ ဈေးကွက် ဆက်လက်ထိုးဖောက်ဆောင်ရွက်နိုင်စေရန် မြန်မာ့ရွှေဖြူခြုံကို နည်းပညာအကူအညီများပေးထားကြောင်းသိရသည်။ မြန်မာ့လျှော်ဖြူကို တရုတ်နိုင်ငံ စန်းကျင်၊ ပေတိုင်း၊ ဟိုင်နန်း၊ ဟိုက်ခိုစသည့်မြို့များသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကဆိုသည်။

လျှော်ဖြူထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်မတွင် ဓာတုဆေးဝါးတွေ အလွန်အကျွံ အသုံးပြုမှုအား ရှောင်ရှားရန်လိုသကဲ့သို့ အရည်အသွေးကိုလည်း ထိန်းထားရန် လိုအပ်နေကြောင်း ကုန်သည်များက ဆိုသည်။
မြန်မာ့ရွှေဖြူခြုံ၏ ပိုင်ရှင် ဦးဘသင်းလှိုင်က အဓိကတော့ ဈေးကွက်ပေါ့။ အခုဆို ဂျပန်ကလည်း ကူညီပေးလာ တယ်။ ကျွန်တော်ခြံမှာ လျှော်ဖြူကနေ မျက်နှာလိမ်းခရင်၊ ကိုယ်လိမ်းခရင်၊ ဆံပင်တိုနာနဲ့ ငှက်သိုက်ဖျော် ရည်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်လာနိုင်ပြီ ဖြစ်ကြောင်းပြောသည်။

လျှော်ဖြူပင်(ခေါ်) ဆေးကုလားမပင်ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးတို့တွင် စီးပွားဖြစ် ဧကပေါင်း ၁၃,၆၃၃ ဧကအထိ ရှိလာပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ဧကအများဆုံးဖြစ်သည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6939

## ထိုင်းနိုင်ငံကိုပါ တင်ပို့နေရတဲ့မြန်မာ့ပြောင်း

ပြောင်းသီးနှံကို သည်နှစ်ကစပြီး တရုတ်နိုင်ငံအပြင် ထိုင်းနိုင်ငံပါ တင်ပို့လို့ရနေပြီလို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က အရင်တုန်းကတော့ ပြောင်းကို တရုတ်ကိုပဲ ပို့နိုင်တာပေါ့၊ အခုတော့ ထိုင်းကပါဝယ်တယ်၊ ဈေးနှုန်းကတော့ သိပ်အများကြီး မကွာဘူး၊ ပုံမှန်ဈေးနှုန်းပဲ၊ အရင်လိုဈေးတွေ အများကြီးတော့ မရှိတော့ဘူး၊ ပုံမှန်ဈေးပဲ၊ အဲဒီတော့ မြဝတီဘက်ကလဲ ပြောင်းတွေထွက်တယ်၊ တာချီ လိတ်ဘက်ကလဲ ထွက်တယ်လို့ ပြောပါတယ်။

ထိုင်းဘက်က ပြောင်းတွေကို တိရစ္ဆာန်အစာအတွက်သာ ဝယ်ယူတာဖြစ်တဲ့အတွက် ဝယ်လက်ကတော့ တရုတ်ကို မမီသေးပါဘူး၊ ဒါပေမဲ့ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံဖြစ်နေတဲ့အတွက် ထိုင်းဘက်ကို ပြောင်းသီးနှံကို တရာဝင် လမ်းကြောင်းကနေ တင်ပို့ ခွင့်ရတယ်လို့သိရပါတယ်။

ဒါကြောင့်လည်း လက်ရှိမှာ တရုတ်ဘက် အဖမ်းအဆီးတွေကြောင့် ဆန်တွေ၊ သကြားတွေ မူဆယ်နယ်စပ်မှာ တန်ချိန် အမြောက်အမြားသောင်တင်နေချိန်မှာ ပြောင်းကတော့ တန်ချိန် ၅၀၀၀ လောက်ပဲ လက်ကျန်ရှိနေခဲ့တယ်လို့ သိရပါတယ်။ အခုဆိုရင် မူဆယ်နယ်စပ်မှာ ဆန်တန်ချိန် ၅၈,၀၀၀ ဝန်းကျင်လောက်နဲ့ သကြားတန်ချိန် ၃၈,၀၀၀ လောက် သောင်တင်နေတယ်လို့ သိရပါတယ်။ ဦးခင်မောင်လွင်က ပြောင်းကို ပင်လယ်ရေကြောင်းကနေလဲ တခြားဈေးကွက်တွေ ထိုးဖောက်ဖို့ လုပ်နေတယ်၊ ဒါပေမဲ့ အများဆုံးယူတာကတော့ တရုတ်ပေါ့လို့ ပြောပါတယ်။

မြန်မာနိုင်ငံမှာ ပြောင်းသီးနှံကို တောင်ပေါ်/မြေပြန့် ဒေသအများစုမှာ စိုက်ပျိုးကြပြီး ပြည်တွင်းရော ပြည်ပပါဝယ်လက်ရှိတဲ့ သီးနှံဖြစ်ပါတယ်။ ဒါပေမဲ့ အများဆုံးဝယ်လက်ဖြစ်တဲ့ တရုတ်နိုင်ငံက တရားမဝင် သတ်မှတ်ထားတဲ့အတွက် ဈေးမတည်ငြိမ်မှုတွေ၊ နယ်စပ်မှာ သောင်တင်နေတာတွေ နှစ်စဉ်လိုလို ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။ အခုလို ထိုင်းနိုင်ငံရဲ့ဈေးကွက်တစ်ခု တိုးလာတာကလည်း ပြည်တွင်းကုန်သည်တွေအတွက် အထောက်အကူဖြစ်စေနိုင်တယ်လို့လည်း ဦးခင်မောင်လွင်က ဆိုပါတယ်။

ဒါ့အပြင် မကြာခင်မှာလည်း ပြောင်းသီးနှံအပါအဝင် တရုတ်နိုင်ငံရဲ့ AQSIQ ဌာနမှာ မှတ်ပုံတင်မထားရသေးတဲ့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ ရေထွက်ကုန်နဲ့ စက်မှုထုတ်ကုန်တွေထဲမှ အချို့ ကုန်စည်တွေကိုလည်း AQSIQ မှာ မှတ်ပုံတင်နိုင်ဖို့ မြန်မာဘက်က သဘောထားမှတ်ချက်တွေ တရုတ်ဘက်ကို ပြန်ပို့တော့မှာဖြစ်တဲ့အတွက် မကြာခင်မှာ မှတ်ပုံတင်နိုင်တော့မယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရပါတယ်။

**Source:** https://www.kumudranews.com/news-32921

## ပြည်ပနိုင်ငံများမှ ပဲကြီးကို ယခင်နှစ်ကထက် ဈေးပိုပေး၍ ဝယ်ယူနေ

ပြည်ပနိုင်ငံများမှ ပဲကြီးဝယ်လိုအား ရှိနေသဖြင့် ယခင်နှစ်ကထက် ဈေးပိုပေး၍ ဝယ်ယူနေကြောင်း ပဲမျိုးစုံကုန်သည်များ၏ ပြောဆိုချက်အရ သိရသည်။ 'ပဲကြီးစပေါ်ချိန်က တစ်တန်ကို အမေ ရိကန်ဒေါ်လာ ၆၅၀ ကနေ ၇၀၀ ကြားဈေးရတယ်။ အရင်နှစ်ကထက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀ စွန်းစွန်းလောက် ပိုရတယ်။ ပဲကြီးကပြည်တွင်းမှာလည်း စားသုံးမှုများတဲ့အပြင် ပြည်ပကလည်း ဝယ်ယူမှုရှိတော့ ဈေးကွက်ကောင်းကြောင်း နေပြည်တော်ရှိ ပွဲရုံကုန်စည်တန်းမှ ဝင်းမြပွဲရုံပိုင်ရှင် ဦးသန်းဇော်ကပြောသည်။

လက်ရှိတွင် ပဲကြီးကို နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ကယားပြည်နယ် နှင့် ကရင်ပြည်နယ်တို့၌ အများဆုံး စိုက်ပျိုးပြီး ပြည်တွင်းဈေးကွက်တွင် ကုန်သည်များ ဝယ်ယူ သိုလှောင်မှုများပြား လာသည်။ ပဲကြီးကို တရုတ်၊ ဥရောပနိုင်ငံတချို့နှင့် အာရှနိုင်ငံတို့သို့ တင်ပို့နေပြီး ဈေးနှုန်းအနေဖြင့် တစ်တန်လျှင် ငွေကျပ်ကိုးသိန်းကျော်မှ ၁၀ သိန်းနီးပါးအထိ ရရှိနေကြောင်း၊ နှစ်စဉ် မတ်လနှင့် ဧပြီလတို့တွင် ပဲကြီးထွက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံကို တင်ပို့တာ နည်းသွားတယ်။ မနှစ်ကဆိုရင် လက်ကျန်နည်းလို့ ပဲကြီးဈေးတက်ခဲ့တယ်။ ဒီနှစ်လည်း အဖွင့်ဈေးကောင်းတယ်ဟု မန္တလေးမြို့ရှိ အောင်ချမ်းသာပွဲရုံ ပိုင်ရှင် ဦးလှိုင်ထွန်းကပြောသည်။ ပဲကြီးထွက်ရှိရာမူရင်းဒေသမှာ အာရှတိုက်အရှေ့တောင်ပိုင်းနိုင်ငံများမှဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် အာဖရိကတိုက်တို့တွင်လည်း အများအပြားစိုက်ပျိုးကာ မြန်မာနိုင်ငံ၌ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် စိုက်ပျိုးကြောင်း သိရသည်။

**Source:** http://myawady.net.mm/index.php/business/item/42128-2019-04-01-11-07-38